Scaling-Up NCD Interventions in South-East Asia

SUNI-SEA creating synergies

# နောက်ကြောင်းပြန်လေ့လာမှုမှ ရယူထားသော အဓိကအချက် ၁၀ ချက်

1. မူလကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုလုပ်ငန်းများနှင့် ရပ်ရွာအခြေပြုလုပ်ငန်းများကို အစိုးရမှ အတိုင်းအတာတစ်ခုအထိအကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ကာ နိုင်ငံသုံးနိုင်ငံစလုံးအနေဖြင့် ကျန်းမာရေးအာမခံမှတဆင့် ၄င်းတို့၏ မကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ရံပုံငွေပေးရန် ရှာဖွေနေကြပါတယ်။

2. ပြည်တွင်းမကူးစက်ရောဂါမဟာဗျူဟာများက သက်သေအထောက်အထားများကို အသိပေးပြီး ဖြစ်သော်လည်း နိုင်ငံတကာမဟာဗျူဟာများက နိုင်ငံတစ်ခုချင်းစီ၏ အခြေအနေနှင့် ကိုက်ညီမှုရှိမရှိ ဆုံးဖြတ်ရန်အတွက် နိုင်ငံအဆင့် သက်သေအထောက်အထားများ တိုးမြှင့်စုဆောင်း ထားခြင်းက နိုင်ငံသုံးနိုင်ငံစလုံးအတွက် အခြေခံကျပါသည်။

3. နိုင်ငံအဆင့်တွင်သက်သေအထောက်အထားမရှိခြင်းသည် အပြည်ပြည်ဆိုင်ရာ မကူးစက်နိုင်သောရောဂါ မဟာဗျူဟာများကိုသက်ဆိုင်ရာနိုင်ငံများ၏လိုအပ်ချက်များနှင့်အခြေအနေများနှင့်အံဝင်ခွင်ကျဖြစ်စေရန်အတား အဆီးတစ်ခုဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာမူလကျန်းမာရေးစောင့် ရှောက်မှုနောက်ခံဝန်း ကျင်နှင့် အံဝင်ခွင်ကျဖြစ်သော လမ်းညွှန်များရေးဆွဲရန်အတွက် နိုင်ငံသုံးနိုင်ငံစလုံးအတွက် ရှေ့ဆက် လေ့လာမှုများလုပ်ဆောင်ရန်လိုအပ်ပါသည်။

4. ထိခိုက်လွယ်သူ တစ်ဦးချင်းစီအား နောက်ကျချန်ရစ်မှုမရှိစေရန် မကူးစက်နိုင်သောရောဂါဆိုင်ရာ ဝန်ဆောင်မှုများ လူအများထံရောက်ရှိရန် ရှင်းရှင်းလင်းလင်းလိုအပ်နေပါသည်။ ဝန်ဆောင်မှုများကို တိုးမြှင့်ခြင်းနှင့် တိုးတက်အောင်ပြုလုပ်ခြင်း - ဥပမာ လူမှုအသိုင်းအဝိုင်းဝန်းကျင်သစ်များတွင် ရောဂါစစ်ဆေးမှုများထည့်သွင်းခြင်းကို ဦးစားပေးအစီအစဉ်တစ်ခုအနေနှင့် လုပ်ဆောင်သင့်ပါသည်။

5. အထူးသဖြင့် ကျေးလက်ဒေသများတွင် လူထုကျန်းမာရေးလုပ်သားများသည် မူလကျန်းမာရေး စောင့်ရှောက်မှုနှင့် ရပ်ရွာအသိုင်းအဝိုင်းအကြား  တံခါးစောင့်အဖြစ် လုပ်ဆောင်နိုင်သော ကြောင့် အရေးပါပါသည်။ ထို့ကြောင့် ၄င်းတို့၏ ဗဟုသုတနှင့် ကျွမ်းကျင်မှုအပေါ် ရင်းနှီးမြုပ်နှံမှုများ ပြုလုပ်သင့်ပါသည်။

umcg / university of groningen, UNIVERSITÄT PASSAU, HelpAge global network, ageInternational Member of the HelpAge global network

Scaling-Up NCD Interventions in South-East Asia (SUNI-SEA) is a research consortium project delivered through a collaboration of nine consortium members.
This project has received funding from the European Union's Horizon 2020 research and innovation programme under grant agreement No 825026.

6. စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များသည် ကိုယ်တိုင် ထိရောက်မှုကိုလွှမ်းမိုးခြင်းဖြင့် ကျန်းမာရေးမြှင့်တင်ရာတွင် သက်ရောက်မှုရှိဟန်ရပါသည်။  ဤရည်မှန်းချက်ပြည့်မီရန် အရေးကြီးသည့်လိုအပ်ချက်မှာ အဖွဲ့ဝင်များ ၊ ပညာရှင်များ၊  အထူးလေ့ကျင့်ပေးထားသော အမာခံအဖွဲ့များ(သို့) လူထုလုပ်သားများအကြား ယုံကြည်မှုရှိခြင်းပင်ဖြစ်ပါသည်။

7. ဆွေးနွေးခြင်းနှင့် သတင်းမီဒီယာများမှ စည်းရုံးလှုံ့ဆော်ခြင်းသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုကို ပစ်မှတ်ထားရန် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်သော်လည်း အုပ်စုလိုက်အကြံပေးဆွေး နွေးခြင်းများသည် အရက်အား လွဲမှားစွာ အသုံးပြုခြင်းကိုတိုက်ဖျက်ရန် အထိရောက်ဆုံးဖြစ်သည်။

8. အရင်းအမြစ်နည်းပါးသည့်အခြေအနေများ၌ သတင်းမီဒီယာကမ်ပိန်းများတွင် ရင်းနှီးမြုပ်နှံခြင်းက အခြားလုပ်ငန်းများ၏ မြင့်မားသောကုန်ကျစရိတ်များကို ထိန်းညှိပေးစဉ် ကျန်းမာသောလူနေမှုဘဝ ပုံစံနှင့် ကျန်းမာရေးအပြုအမူများကို အားပေးရန် သင့်လျော်သောနည်းလမ်းတစ်ခုဖြစ်နိုင်ပါသည်။

9. အရင်းအမြစ်နည်းပါးသည့်အခြေအနေများ၌ သတင်းမီဒီယာကမ်ပိန်းများတွင် ရင်းနှီးမြုပ်နှံခြင်းက အခြားလုပ်ငန်းများ၏ မြင့်မားသောကုန်ကျစရိတ်များကို ထိန်းညှိပေးစဉ် ကျန်းမာသောလူနေမှုဘဝ ပုံစံနှင့် ကျန်းမာရေးအပြုအမူများကို အားပေးရန် သင့်လျော်သောနည်းလမ်းတစ်ခုဖြစ်နိုင်ပါသည်။

10. နာတာရှည်စောင့်ရှောက်မှုပုံစံတွင်ကဲ့သို့ ပြည့်စုံပြီး ကျယ်ပြန့်သောချဉ်းကပ်မှုသည် အထိရောက် ဆုံးဖြစ်သည် ။ ဥပမာအနေဖြင့် စစ်ဆေးခြင်းနှင့်ကုသမှုခံယူပြီး ရပ်ရွာလူထုနှင့် ပဏာမကျန်း မာရေးစောင့်ရှောက်မှုတို့က အတူတကွလုပ်ကိုင်ရမည့် နောက်ဆက်တွဲကိစ္စရပ်များ ရှိရပါမည်။ ကြိုတင်ချိန်းဆိုမှုများအတွက် သတိပေးမှုများ တက်ကြွစွာလုပ် ဆောင် ပေးခြင်းသည် စီမံခန့်ခွဲမှုအခြေအနေများ သာမက စစ်ဆေးမှုများနှင့် ကျန်းမာရေးစောင့် ရှောက်မှု သင်တန်းများကို လိုက်နာမှုများတိုးမြှင့်စေပါသည်။